# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 6 , 2023 Volume 71, Number 5

၆.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၂၀ US$ |
| မြန်မာ့ရွှေဈေး | = ၃၃၈၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၅.၁ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၆၂.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၃၆.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၆၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၃၀ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၇၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၅.၂၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၆.၇၉၅ ကျပ် |

Source: CBM Rate, etrademyanmar.com

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## အမျိုးသားပို့ကုန်မဟာဗျူဟာ(၂၀၂၀-၂၀၂၅) သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပခြင်း



အမျိုးသားပို့ကုန်မဟာဗျူဟာ (၂၀၂၀-၂၀၂၅) သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်ကဏ္ဍ အကောင်အထည်ဖော်ရေးညှိနှိုင်းအစည်းအဝေးကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၅) ရက်နေ့၊ နံနက် (၁၀:၃၀) နာရီတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့ပါသည်။ အစည်းအဝေးသို့ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ကဏ္ဍ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင်များ စုစုပေါင်း (၁၆) ဦး တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ ညွှန်ကြားရေးမှူး၊ ဒေါ်သန္တာခင်က ကဏ္ဍကော်မတီကို Update ပြုလုပ်ခြင်း၊ လုပ်ငန်းစီမံချက်များ အကောင်အထည်ဖော်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာကြသူများက သစ်သီးဝလံနှင့်ဟင်းသီးဟင်းရွက်ကဏ္ဍ ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များကို ပြင်ဆင်/ဖြည့်စွက်ရန်၊ သက်ဆိုင်ရာဌာန/အသင်းအဖွဲ့များအလိုက် လုပ်ငန်းစီမံချက် (Plan of Actions – PoAs) ပါ လုပ်ငန်းစဉ်များအပေါ်တွင် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် ကဏ္ဍ၏ကော်မတီဖွဲ့စည်းမိန့်တွင် ရာထူးနှင့်

ဌာနအမည်များကိုသာ ထည့်သွင်းဖော်ပြရန်၊ တရုတ်နိုင်ငံကူမင်းမြို့တွင် နိုဝင်ဘာလ ၁၇ ရက်နေ့၌ကျင်းပမည့် မြန်မာ့သစ်သီးဝလံပြပွဲတွင် သစ်သီးဝလံအသင်းအဖွဲ့များပါဝင်ပြသနိုင်ရေး ဆောင်ရွက်ရန်၊ တရုတ်နိုင်ငံ ဈေးကွက်ကို ထိုးဖောက်နိုင်မည့်အမည်များကို ပါဝင်ပြသရန်နှင့် ကုန်စည်ပြပွဲတွင် ပါဝင်ပြသမည့် သီးနှံများအနက် GACC မရရှိသေးသာ သီးနှံအမည်များပြသခွင့်ရရှိရန်အတွက် သက်ဆိုင်ရာ ဌာန/အသင်းအဖွဲ့များအကြား ညှိနှိုင်းပူးပေါင်း ဆောင်ရွက် ရန်၊ တရုတ်နိုင်ငံဖက်သို့ GACC ရရှိရေး လျှောက်ထားရာတွင် ကုန်ကျမည့်စရိတ်များအတွက် သက်ဆိုင်ရာ ဌာန/အသင်း အဖွဲ့များက ညှိနှိုင်းအဖြေရှာ ဆောင်ရွက်သွားရန်စသည်တို့ကို ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို နေ့လည် (၁၂:၀၀) နာရီအချိန် တွင် ရုပ်သိမ်းခဲ့ပါသည်။

**Source:** https://myantrade.gov.mm/article/NPT_05102023-1

## လပွတ္တာမြို့နယ်တွင် နေလှန်းဆား ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၄၀၀၀ ထိ ဈေးကောင်းရရှိနေ

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ဒေသထွက်နေလှန်းဆား ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၄၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း လပွတ္တာမြို့နယ်မှ ဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီသန့်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ပြီးခဲ့သည့် ဩဂုတ်လနှင့် စက်တင်ဘာလက နေလှန်းဆား ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၅၂၀၀၀ ထိသာ ဈေးရရှိခဲ့ပြီး အောက်တိုဘာလ ၁ ရက်မှ ယနေ့ (အောက်တိုဘာလ ၅) ရက်နေ့ထိ နေလှန်းဆားပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၇၄၀၀၀ ထိ ဈေးကောင်းရရှိနေကြောင်း၊ အဆိုပါနေလှန်းဆားများ ဈေးကောင်းလာသည့်အတွက် နေလှန်းဆား ထုတ်လုပ်သိုလှောင်ထားသူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် နေလှန်းဆားတွေက အခုလအတွင်းမှာ ဈေးကောင်းနေပါတယ်။ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းလုပ်တဲ့ ရာသီဖြစ်လို့ အခုလိုဒေသထွက် နေလှန်းဆားတွေ ဈေးကောင်းနေတာပါ။ အခုလက်ကျန်ဆားတွေကိုပဲ ရောင်းချတာ။ အခုလိုဆားဈေးကောင်းလာတော့ ဆားထုတ်လုပ်တဲ့တောင်သူတွေလဲ အဆင်ပြေလာတာ တွေ့ရပါတယ်။ ဒေသထွက် ဆားတွေကို ဧရာဝတီတိုင်းဒေသကြီးက ဆားဝယ်လက်တွေကို ရောင်းချနေရတဲ့အပြင် ရန်ကုန်ဈေးကွက်ကိုလဲ တင်ပို့ရောင်းချ နေပါတယ်" ဟု လပွတ္တာမြို့မှ နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီသန့်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျချက်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါနေလှန်းဆားများကိုဒေသခံတစ်ဦးလျှင် တစ်ဧကမှ ၁၀ ဧကထိ လုပ်ကိုင် လျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## (၉)လအတွင်း EV မော်တော်ယာဉ်အစီးရေ (၉၀၀) ကျော် မှတ်ပုံတင်ထား

၂၀၂၃ ခုနှစ် (၉) လတာအတွင်း ပြည်တွင်း၌ EV မော်တော်ယာဉ်အစီးရေ (၉၁၈)စီး မှတ်ပုံတင်ထားကြောင်း ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

ဇန်နဝါရီလမှ စက်တင်ဘာလကုန်အထိ လူစီး EV မော်တော်ယာဉ် (၉၁၆) စီးနှင့် ကုန်တင်ယာဉ် (ဝန်ပေါ့) (၂) စီး တို့ကို မှတ်ပုံတင်ခွင့်ပြုပေးထားခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် EV ကားအမျိုးအစားပေါ်မူတည်ပြီး ကျပ်သိန်း (၉၀၀) ကျော်မှ ကျပ်သိန်း (၂၀၀၀) ကျော်အထိ ပေါက်ဈေးရှိနေပြီး ပြည်တွင်းသို့ EV ကားများဆက်တိုက် ဝင်လာသော်လည်း ဈေးနှုန်းကျဆင်းခြင်း မရှိသေးကြောင်း EV ကားဈေးကွက်အတွင်းမှ သိရသည်။

ပြည်တွင်း၌ စက်တင်ဘာလအထိ မှတ်ပုံတင်ထားသည့် EV ယာဉ်အမျိုးအမျိုး (၃၀၆၅) စီးရှိကြောင်း ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ထုတ်ပြန်ထားချက်အရ သိရသည်။ အဆိုပါ EV ယာဉ်များကို အမျိုးသားအဆင့် လျှပ်စစ်သုံး ယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့်တင်သွင်းထားခြင်းဖြစ်သည်။

**Source:** https://www.popularmyanmar.com/?p=132058

## တရုတ်နိုင်ငံ၊ နယ်စပ်ဒေသရှိ လွတ်လပ်သောကုန်သွယ်ရေးဇုန် (Free Trade Zone– FTZ) များသည် တရုတ်နှင့် အာဆီယံဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်ပေးလျက်ရှိ

ပေပုပင်လယ်ကွေ့တွင် တည်ရှိသည့် ချင်းကျိုးဆိပ်ကမ်းသည် တရုတ်နှင့်အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုနှင့် စီးပွားရေးလုပ်ငန်းများအတွက် အဓိကကျသည့်ဆိပ်ကမ်းတစ်ခုဖြစ်ပြီး တရုတ်(ကွမ်ရှီး) လွတ်လပ်သောကုန်သွယ်ရေး စမ်းသပ်ဇုန် (Pilot Free Trade Zone–FTZ) ၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်ပါသည်။

အင်ဒိုနီးရှားနိုင်ငံမှ တင်သွင်းလာသည့် နီကယ်များတင်ဆောင်ထားသော သင်္ဘောတစ်စင်းသည် တရုတ်နိုင်ငံတောင်ပိုင်း၊ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ချင်းကျိုးဆိပ်ကမ်းတွင် ဆိုက်ကပ်ခဲ့ပြီးနောက် (၄) နာရီအကြာတွင် နီကယ်များကို အနီးအနားရှိ စက်ရုံ၏ ထုတ်လုပ်မှုပိုင်းသို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရှိရပါသည်။ ထိုသို့ ထိရောက်မြန်ဆန်ခြင်းသည် ၎င်းတို့လုပ်ငန်းကို FTZ ထဲတွင် တည်ထောင်ထားရ ခြင်း၏ အဓိကကျသော အကြောင်းရင်းဖြစ်သည်ဟု အင်ဒိုနီးရှားနိုင်ငံမှ နီကယ်များကို တင်သွင်း သည့် Guangxi CNGR New Energy Science and Technology Co., Ltd. မှ လက်ထောက် မန်နေဂျာ Yuan Xun က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

အထက်ပါကုမ္ပဏီ၏ ပင်မကုမ္ပဏီကြီးဖြစ်သော CNGR Advanced Material Co., Ltd. သည် နီကယ်သတ္တုတူးဖော်ခြင်းနှင့် နီကယ်ပြားအတွက် အင်ဒိုနီးရှားနိုင်ငံရှိ စီမံကိန်းများစွာတွင် ရင်းနှီးမြှုပ်နှံထားပြီး နီကယ်လုပ်ငန်းကွင်းဆက်ကို တိုးချဲ့ရုံ သာမက အလုပ်အကိုင်ပေါင်း (၂,၀၀၀) ခန့်ကိုလည်း ပံ့ပိုးပေးထားကြောင်း သိရှိရ ပါသည်။

အင်ဒိုနီးရှား၌ ထုတ်လုပ်သည့် နီကယ်ပြားများကို လျှပ်စစ်ကားများနှင့် မိုဘိုင်းလ်ဖုန်းကဲ့သို့သော အခြားထုတ်ကုန်များ အတွက် လိုအပ်သောဘက်ထရီများထုတ်လုပ်ရာတွင် အသုံးပြုရန် တရုတ်နိုင်ငံတောင်ပိုင်း၊ ချင်းကျိုးသို့ တင်ပို့ရောင်းချခြင်း ဖြစ်ကြောင်း သိရှိရပါသည်။

ထောက်ပံ့ပို့ဆောင်ရေးနှင့်အခွန်စရိတ်သက်သာခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာခွင့်ပြုချက်များ ရရှိရန်လွယ်ကူလျင်မြန်ခြင်းနှင့် ရိုးရှင်းလွယ်ကူသော အကောက်ခွန်ရှင်းလင်းမှုများသည် လွတ်လပ်သောကုန်သွယ်ရေးဇုန်တွင် ၎င်းတို့ခံစားခဲ့ရသည့် အကျိုးကျေးဇူးများဖြစ်ကြောင်း Yuan မှ ပြောကြားခဲ့ပြီး၊ ကုမ္ပဏီ၏ ပထမအဆင့် ရင်းနှီးမြှုပ်နှံမှု ယွမ် (၁၀)ဘီလီယံခန့်ဖြင့် (အမေရိကန် ဒေါ်လာ ၁.၄ ဘီလီယံ) လုပ်ငန်းစတင်လည်ပတ်ရန် (၂၅၅)ရက်သာ အချိန်ယူခဲ့ရကြောင်း သိရှိရပါသည်။

၂၀၁၃ ခုနှစ်၊ စက်တင်ဘာလတွင် ရှန်ဟိုင်းမြို့တွင် တရုတ်နိုင်ငံ၏ ပထမဆုံးသော ရှေ့ပြေးလွတ်လပ်သော ကုန်သွယ်ရေး ဇုန်ကို တည်ထောင်ပြီးကတည်းက တရုတ်နိုင်ငံသည် နောက်ထပ်လွတ်လပ်သောကုန်သွယ်ရေးဇုန် (၂၀) ခုနှင့် ဟိုင်နန် လွတ်လပ်သောကုန်သွယ်ရေးဆိပ်ကမ်း (Hainan Free Trade Port) တို့ကို တည်ထောင်ခဲ့ကြောင်း သိရှိရပါသည်။

ရင်းနှီးမြှုပ်နှံမှုနှင့်ကုန်သွယ်မှု လွယ်ကူချောမွေ့စေခြင်း၊ ဆန်းသစ်သောစီမံခန့်ခွဲမှု၊ ဘဏ္ဍာရေးလုပ်ငန်းစဉ်များ ပွင့်လင်း ဖြေလျှော့ပေးမှုနှင့် စက်မှုလုပ်ငန်းများ၏ အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ရှေ့ပြေးဆောင်ရွက်မှုများကြောင့် လွတ်လပ်သောကုန်သွယ်ရေးဇုန်များ သည် အထူးသဖြင့် တရုတ်နိုင်ငံတောင်ပိုင်းဒေသတွင် အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှု အတွက် မောင်းနှင်အားများဖြစ်လာစေရုံသာမက၊ အိမ်နီးချင်းအရှေ့တောင်အာရှဒေသ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း မြှင့်တင်ပ ေးခဲ့ကြောင်း သိရှိရပါသည်။

အာဆီယံနိုင်ငံများနှင့် ကုန်းကြောင်းနှင့်ရေကြောင်းတို့ဖြင့်ပါ ချိတ်ဆက်ထားသော တရုတ်နိုင်ငံ၏ ဒေသတစ်ခုအနေဖြင့် ကွမ်ရှီးဒေသသည် အာဆီယံဈေးကွက်သို့ဝင်ရောက်ရန် တရုတ်နိုင်ငံ၏ တံခါးပေါက်ဖြစ်ပြီး အာဆီယံနိုင်ငံများနှင့် ပိုမိုနီးကပ် သော စီးပွားရေးဆက်ဆံမှုများ တည်ဆောက်ခဲ့ကာ လွတ်လပ်သောကုန်သွယ်ရေးဇုန်သည် ဒေသတွင်း နိုင်ငံခြား ကုန်သွယ်မှုကို ပိုမိုတိုးတက်လာစေကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ပထမနှစ်ဝက်တွင် ကွမ်ရှီးဒေသနှင့်၎င်း၏အကြီးဆုံးကုန်သွယ်ဖက်ဖြစ်သည့် အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုပမာဏသည် ယွမ် (၁၆၁.၃၈) ဘီလီယံရှိပြီး တစ်နှစ်ထက် တစ်နှစ် (၈၂.၆) ရာခိုင်နှုန်း တိုးတက်ခဲ့ကာ ထိုကာလ အတွင်း ကွမ်ရှီးဒေသ၏ စုစုပေါင်းပို့ကုန် သွင်းကုန်တန်ဖိုး၏ (၄၇.၆) ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

နယ်စပ်ကုန်သွယ်ရေးမူဝါဒအရ နယ်စပ်ဒေသတွင် နေထိုင်သူများသည် နေ့စဉ် အခွန်ကင်းလွတ်ခွင့်ဖြင့် လူတစ်ဦးလျှင် ယွမ် (၈၀၀၀) အထိ ကုန်သွယ်မှုပြုနိုင်ကြောင်း သိရှိရပါသည်။ ထို့အပြင် ယူနန်ပြည်နယ်သည် မြန်မာ၊ လာအိုနှင့်ဗီယက်နမ်တို့နှင့်

နယ်နိမိတ်ချင်းထိစပ်နေပြီး တရုတ်နှင့်အာဆီယံနိုင်ငံများအကြား ကုန်သွယ်မှုနှင့်ကူးသန်းသွားလာနိုင်သော နေရာတစ်ခုဖြစ်ကြောင်း၊ ယူနန်လွတ်လပ်သောကုန်သွယ်ရေးဇုန်ရှိ China United International Rail Containers Co., Ltd. (CRIntermodal) ၏ ကူမင်းကုန်တင်ကုန်ချဂိတ်တွင် အရှေ့တောင်အာရှနိုင်ငံများမှ သစ်သီးများဖြစ်သည့် ဒူးရင်းသီးနှင့် နှင်းသီးများသည် တရုတ်-လာအို ရထားလမ်းမှတစ်ဆင့် ကူမင်းမြို့သို့ ရောက်ရှိလာကြောင်း သိရှိရပါသည်။

လာအိုနိုင်ငံ၏မြို့တော် ဗီယင်ကျန်းမှကူမင်းမြို့သို့ ရောက်ရှိရန် (၂၆)နာရီသာ အချိန်ယူရပြီး သစ်သီးဝလံများကို တရုတ်နိုင်ငံ၏ အခြားဒေသများသို့ ဆက်လက်ဖြန့်ဖြူးရောင်းချကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၃၁)ရက်နေ့အထိစာရင်းများအရ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလတွင် စတင်လည်ပတ်ခဲ့သော အဆိုပါ ရထားလမ်းကိုအသုံးပြု၍ လာအိုနိုင်ငံသို့ ကုန်တန်ချိန် (၂၂၄,၀၀၀)ကျော် တင်ပို့ခဲ့ပြီး ကူမင်းဂိတ်မှတစ်ဆင့် လာအိုနိုင်ငံမှ ကုန်တန်ချိန် (၃၁၂,၆၀၀) တင်သွင်းခဲ့ကြောင်း၊ ကုန်းလမ်းနှင့် ပင်လယ်ရေကြောင်း သယ်ယူပို့ဆောင်ရေးတို့ကို နှိုင်းယှဉ်ပါက ရထားပို့ဆောင်ရေးသည် စျေးသက်သာပြီး ပို၍မြန်ဆန်ကြောင်း သိရှိရပါသည်။

**Source:** https://english.news.cn/20230929/5ec967e510104562b44b2838816721b7/c.html

စီးပွားရေးသံမှူး

နန်နှင်းမြို့

https://myantrade.gov.mm/article/Naypyitawstp-051020231249

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၅-၉-၂၀၂၃ မှ၂၉-၉-၂၀၂၃) အတွင်း ပဲနှင့်မီးဖိုချောင်သုံး ကုန်စည်စျေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲများ၏ (တစ်တန်) စျေးနှုန်းများမှာ မတ်ပဲ FAQ/RC (2023 Crop) ကျပ် ၂၅၈၄၀၀၀၊ မတ်ပဲ SQ/RC (2023 Crop) ကျပ် ၂၉၀၄၀၀၀ နှင့် ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၄၀၅၀၀၀၀ စျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2023 Crop) ကျပ် ၆၆၅၀၀ နှင့် မတ်ပဲ SQ/RC (2023 Crop) ကျပ် ၉၆၅၀၀ စျေးကျဆင်းခဲ့ပြီး ပဲစင်းငုံ Red/RC (2023 Crop) ကျပ် ၂၅၀၀၀ စျေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၉၀ လုံး ( တန်ချိန် ၂၁၆၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၈၅ လုံး (တန်ချိန် ၂၀၄၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲFAQ/RC (2023 Crop) ကွန်တိန်နာ ၅ လုံး ( တန်ချိန် ၁၂၀ ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိ ရသည်။

**ရှောက်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး (တစ်ပိဿာ) စျေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၁၁၀၀၀၊ မြားနီ ကျပ် ၁၁၀၀၀၊ အိမ်မဲ ကျပ် ၉၀၀၀၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၁၆၀၀၀ နှင့် မြစ်ဝ(ပု)သစ် ကျပ် ၁၆၀၀၀ စျေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ငရုတ်သီးများ စျေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ငရုတ်ရှည် အိတ်ပေါင်း ၁၇၀၀ ( ၃၄၀၀၀ ပိဿာ )နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၂၆၀၀ ( ၅၂၀၀၀ ပိဿာ )နှင့် ငရုတ်ပု အိတ်ပေါင်း ၃၀၀ ( ၄၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၉၀၀(၁၈၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ပြီး ငရုတ်ပု အိတ်ပေါင်း ၂၀၀(၃၀၀၀ ပိဿာ)ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) စျေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၁၂၅၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၂၄၀၀ စျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများ စျေးငြိမ်လျက်ရှိကြောင်းသိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သောထန်းလျက်၊ကြံသကာနှင့်သကြား(တစ်ပိဿာ)စျေးနှုန်းများမှာ တောင်သာ မလိုင်(ဒိုး) ကျပ် ၃၇၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၂၀၀၊ ပခုက္ကူကြမ်း ကျပ် ၃၉၀၀၊ ရေစကြိုထန်းလျက်(ချော)ကျပ်

၅၅၀၀၊ ကြံသကာ(စစ်) ကျပ် ၃၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၃၆၃၀ စျေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင်(ဒုံး) ကျပ် ၅၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၆၀၀ ရေစကြိုထန်းလျက်(ချော)ကျပ် ၃၀၀ နှင့် သကြား (ပြည်တွင်း) ကျပ် ၁၂၀ စျေးမြင့်တက်ခဲ့သည်။ ကျန်အမျိုးအစားများ စျေးငြိမ်လျက်ရှိသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၅-၉-၂၀၂၃ မှ ၂၉-၉-၂၀၂၃ ) အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူ ကုန်စည်စျေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့် မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) စျေးနှုန်းများမှာ ၊ ဆိပ်ဖြူရှယ် ကျပ် ၂၉၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၈၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၈၀၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၅၀၀ ၊ မုံရွာရှယ် ကျပ် ၂၉၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၈၅၀ ၊ မုံရွာလတ်သန့် ကျပ် ၂၈၀၀ နှင့် မုံရွာလတ်ချော ကျပ် ၂၅၀၀ အသီးသီးစျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၂၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၅၀ ၊ ဆိပ်ဖြူလတ်သန့် ကျပ် ၁၀၀ ၊ မုံရွာရှယ် ကျပ် ၂၀၀၊ မုံရွာလတ်ကြီး ကျပ် ၁၅၀ နှင့် မုံရွာလတ်သန့် ကျပ် ၁၀၀ အသီးသီးစျေးမြင့်တက်ခဲ့သည်။ကုန်စည်ဒိုင်သို့ ကြက်သွန်နီ ဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၂၀ စီး( ၇၂၀၀၀၀ ပိဿာ )ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၈၈ စီး ( ၅၂၈၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်နီကားစီးရေ ၃၂ စီး (၁၉၂၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ(တစ်ပိဿာ) စျေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၇၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၇၃၀၀၊ အောင်ပန်း ထူး-၃ ကျပ် ၈၀၀၀၊ အောင်ပန်းထူး-၄ ကျပ် ၈၂၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၆၀၀ အသီးသီး စျေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ကြက်သွန်ဖြူများ စျေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၂၇၀၀ (၈၁၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင်လည်း ကြက်သွန်ဖြူအိတ် ၂၇၀၀ (၈၁၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## မြန်မာနိုင်ငံ၏ အာဆီယံ-ကိုရီးယား လွတ်လပ်သောကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်လျှော့ချမှု အစီအစဉ်ထုတ်ပြန်

မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ဖြင့် ချိတ်ဆက်ထားသည့် မြန်မာနိုင်ငံ၏ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်လျှော့ချမှုအစီအစဉ်ကို အကောက်ခွန်ဦးစီးဌာနက ထုတ်ပြန်လိုက်သည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်နှုန်း ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ ဖြင့် ကူးပြောင်းချိတ်ဆက်ထားသည့် မြန်မာနိုင်ငံ၏ အာဆီယံ-ကိုရီးယားလွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်လျှော့ချမှုအစီအစဉ် (Myanmar's Tariff Reducation Schedule With HS2022 Version under ASEAN-Korea Free Trade Area)ကို ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

အဆိုပါအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်းနှင့် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၂၀.၄. ၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၃/၂၀၂၀ ကို ယခုအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အာဆီယံ-ဩစတြေးလျ-နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်း လျှော့ချမှုအစီအစဉ်ကို အမိန့်ကြော်ငြာစာအမှတ် ၄၅/ ၂၀၂၃ ဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်နှုန်း ဥပဒေပုဒ်မ ၄ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ မြန်မာ့အကောက်ခွန် နှုန်းစာရင်း ၂၀၂၂ ဖြင့် ကူးပြောင်းချိတ်ဆက် ထားသည့် မြန်မာနိုင်ငံ၏ အာဆီယံ- ဩစတြေးလျ-နယူးဇီလန်လွတ်လပ်သော ကုန်သွယ်မှုနယ်မြေဆိုင်ရာ အကောက်ခွန်နှုန်းလျှော့ချမှုအစီအစဉ် (Myanmar’s AANZ Tariff Reducation Schedule in HS 2022)ကို ထုတ်ပြန်လိုက်သည်။

အဆိုပါအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်သည်။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၂၀ ကို ယခု အမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အမိန့်ကြော်ငြာစာ အမှတ် ၄၄/၂၀၂၃ ဖြင့် မြန်မာနိုင်ငံ၏ အာဆီယံအကောက်ခွန်နှုန်း လျှော့ချ/ဖယ်ရှားမှု အစီအစဉ် ကိုလည်း ထုတ်ပြန်ထားသည်။ အာဆီယံဒေသတွင်း ကုန်ပစ္စည်းလွတ်လပ်စွာစီးဆင်းနိုင်ရေးအတွက် အာဆီယံကုန်စည် ကုန်သွယ်ရေးသဘောတူစာချုပ်အပိုဒ် ၁၉ ပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာ၊ ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန်နှုန်းဥပဒေပုဒ်မ ၄ ပါ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အာဆီယံစည်းဝါးညီအကောက်ခွန်နှုန်း အမည်ပေးစနစ် ၂၀၂၂ ဖြင့် ကူးပြောင်းချိတ်ဆက်ထားသော မြန်မာနိုင်ငံ၏ အာဆီယံ အကောက်ခွန်နှုန်းလျှော့ချ/ဖယ်ရှားမှု အစီအစဉ် (Myanmar’s ATIGA Tariff Reducation Schedule in AHTN 2022)ကို ထုတ်ပြန်လိုက်သည်။ အဆိုပါအမိန့်ကြော်ငြာစာသည် ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** https://news-eleven.com/article/254706

## STOCK EXCHANGE (6.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 6th Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,889 (Shares) | 12,661,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | -100 | -1.11% | 8,900 | 9,000 | 8,900 | 56 | 502,400 | 33,109,694 | 294,676 |
| MTSH | 00002 | 3,050 | +100 | +3.39% | 3,000 | 3,050 | 3,000 | 1,538 | 4,614,500 | 38,929,150 | 118,734 |
| MCB | 00003 | 7,400 | +0 | +0.00% | 7,400 | 7,400 | 7,400 | 0 | 0 | 10,400,986 | 76,967 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 1,102 | 1,823,350 | 29,664,613 | 50,430 |
| TMH | 00005 | 2,400 | +0 | +0.00% | 2,400 | 2,400 | 2,400 | 320 | 768,000 | 12,823,224 | 30,776 |
| EFR | 00006 | 2,100 | +0 | +0.00% | 2,150 | 2,150 | 2,100 | 844 | 1,792,850 | 19,977,223 | 41,952 |
| AMATA | 00007 | 4,800 | +0 | +0.00% | 4,800 | 4,800 | 4,800 | 426 | 2,044,800 | 10,497,598 | 50,389 |
| MAEX | 00008 | 1,850 | +0 | +0.00% | 1,850 | 1,850 | 1,850 | 603 | 1,115,550 | 23,804,946 | 44,039 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 6th Oct. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 375.34 | +0.31 | +0.08% | 376.59 | 376.84 | 374.05 | 4,889 | 12,661,450 | 8 | 707,963 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 6th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 4,889 (Shares) | 12,661,450 (MMK) |

## Main Board

As of 1:00 pm, 6th Oct. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,889 (Shares) | 12,661,450 (MMK) |

| MYANPIX | 375.34 ▲ 0.31 |
|---|---|
| Total Volume (shares) | 4,889 |
| Total Value (MMK) | 13 mil |
| Listed Company | 8 |
| Market Cap. (MMK) | 707,963 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▼ 100 |
| MTSH | 00002 | 3,050 | ▲ 100 |
| MCB | 00003 | 7,400 | ▲ 0 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,400 | ▲ 0 |
| EFR | 00006 | 2,100 | ▲ 0 |
| AMATA | 00007 | 4,800 | ▲ 0 |
| MAEX | 00008 | 1,850 | ▲ 0 |